ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# UNFC ခေါင်းဆောင်လေးဦး၏ နေပြည်တော်ခရီးစဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

၀၂ / ၂၀၁၄

ရက်စွဲ။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်

၁။ UNFC ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်အပြင် UNFC ဥက္ကဋ္ဌ၏အတည်ပြုချက်အရ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ဟံသာ ဦးဆောင်သည့် လေးဦးပါကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ (၉)ရက်နေ့တွင် နိပ္ပွန်ဖောင်ဒေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ ပါဝင်ပူးပေါင်းစီစဉ်ခဲ့ပြီး နေပြည်တော်သို့ အလွတ်သဘော တင်ကြိုစီစဉ်မှု ပြုလုပ်နိုင်ရန် သွားရောက်ခဲ့ခြင်း ဖြစ်သည်။

၂။ နေပြည်တော်တွင်ပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC) ဒုတိယဥက္ကဋ္ဌဦးအောင်မင်းနှင့် တွေ့ဆုံဆွေးနွေးပွဲများမှာလည်း အလွတ်သဘောဖြစ်ပြီး၊ နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်သည့် ချဉ်းကပ်မှုများရှိကြသည့်အတွက် အောက်ပါကိစ္စရပ်များ၌ ပြေလည်မှုအချို့ ရရှိခဲ့ကြ ပါသည်။

(က) UNFC အပေါ် အထင်အမြင်လွဲမှားပြီး စွပ်စွဲထားသည့်ကိစ္စရပ်များကို ပြေလည်အောင် ဖြေရှင်းခွင့် ရရှိခဲ့ခြင်း။

(ခ) တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) Single Text အပေါ် ဆွေးနွေးညှိနှိုင်းရာတွင် လိပ်ခဲတင်းလင်း ရှိနေသော အချက်အလက်အချို့ကို နှစ်ဦးနှစ်ဖက် အပြုသဘောဆောင်သော ဖြေလျော့မှုများရှိလာခဲ့သည်ကို တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တရားဝင်အစည်းအဝေး၌ တင်ပြဆွေးနွေးနိုင်ရန် အထောက်အကူ ဖြစ်စေခြင်း။

(ဂ) ခရီးစဉ်သည် အာစီယံထိပ်သီးအစည်းအဝေး မကျင်းပမီ "ချိန်ကိုက်" ဖြစ်နေ၍ သံတမန် နှင့် နိုင်ငံတကာလေ့လာသူများ၏ UNFC အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအပေါ် သဘောထားတင်းမာသူများ၊ NCA ကို အချိန်ဆွဲနေသူများဟု လွဲမှားစွာ ထင်မြင်ယူဆနေခြင်းများကိုလည်း ရှင်းလင်းနိုင်ခဲ့ခြင်း။

၃။ နေပြည်တော်တွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာတွင် စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့(UNA)နှင့်သော်လည်းကောင်း၊ ၈၈-မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းအဖွဲ့အစည်း)နှင့်သော်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးပြီး အမြင်ချင်း ဖလှယ် နိုင်ခဲ့ကြပါသည်။

UNFC ဒုတိယဥက္ကဋ္ဌနိုင်ဟံသာ ဦးဆောင်သော လေးဦးကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် အခြေပြုရာသို့ ချောမောစွာ ပြန်လည်ရောက်ရှိပြီးဖြစ်ကြောင်း နေပြည်တော်ခရီးစဉ်နှင့် ပတ်သက်၍ ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန် - (၁) နိုင်ဟံသာ + ၆၆ (၀) ၈၀ ၅၀၃ ၀၈၄၉
(၂) ဗိုလ်မှူးကြီးခွန်ဥက္ကာ + ၆၆ (၀) ၈၁ ၉၅၀ ၂၁၅၈